စကားပြောကြေးနန်း(နေပြည်တော်)
၀၆၇ - ၄၁၁၁၃၄
၀၆၇ - ၄၁၁၁၄၉
ရက်စွဲ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

## "ကြေညာချက်"

အကြောင်းအရာ။ **သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း တက်ရောက်ခွင့် ရရှိသူများကိစ္စ**

၁။ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သူနာပြု/ သားဖွား/ နီးနွယ်သင်တန်းကျောင်းအသီးသီး၌ (၅-၁-၂၀၂၆)ရက်နေ့တွင် ဖွင့်လှစ်မည့် သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း နှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း တက်ရောက်ခွင့် ရရှိသူများစာရင်းကို ထုတ်ပြန် ကြေညာပြီးဖြစ်ပါသည်။

၂။ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းနှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း တို့ကို (၅-၁-၂၀၂၆) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရရှိသူများ သည် သက်ဆိုင်ရာသင်တန်းကျောင်းသို့ (၅-၁-၂၀၂၆) ရက်နေ့တွင် သတင်းပေးပို့ရမည် ဖြစ်သည်။ **(သင်တန်းဖွင့်သည့်နေ့ရက်ထက် ရက်သတ္တ(၂)ပတ် ကျော်လွန်ပြီး သတင်းပို့ခြင်းမရှိပါက သင်တန်း တက်ရောက်ခွင့်ကို ပယ်ဖျက်မည် ဖြစ်သည်။)**

၃။ **သင်တန်းတက်ရောက်ခွင့်ရသူများအား သက်ဆိုင်ရာသင်တန်းကျောင်းများသို့ အချိန်မီ သတင်းပို့နိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနများ နှင့် သက်ဆိုင်ရာ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းများတွင် တက်ခွင့်ရစာရင်းများကို** ပေးပို့ထားမည်ဖြစ်ပါသည်။

၄။ သင်တန်းကျောင်းများသို့ သတင်းပို့သည့်အခါတွင် မိဘ(သို့မဟုတ်)အုပ်ထိန်းသူများ ကိုယ်တိုင်အပ်နှံရမည် ဖြစ်သည်။

၅။ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းသို့ တက်ခွင့်ရသူများသည် သင်တန်းကာလအတွင်း ပျက်ကွက်လျှင် နိုင်ငံတော်မှ သတ်မှတ်ထားသော သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်းအတွက် လျော်ကြေးငွေ ကျပ်(၈၀၀၀၀၀/-)(ကျပ်ရှစ်သိန်းတိတိ) (သို့မဟုတ်) အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့်လျော်ကြေးငွေပေးလျော်ရန် ကတိခံဝန်ချက်ချုပ်ဆိုရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီးပါက **နိုင်ငံတော်မှ လိုအပ်ချက်ရှိသော တိုင်းဒေသကြီး/ပြည်နယ်များရှိ မည်သည့်ဒေသတွင်မဆို နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရန်** နှင့် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ်(၁၀၀၀၀၀၀၀/-)(ကျပ်သိန်းတစ်ရာတိတိ)ကို ပေးလျော်ရန် ကတိခံဝန်ချက်ကို ချုပ်ဆိုရမည် ဖြစ်သည်။

၆။ ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းသို့ တက်ခွင့်ရသူများသည် သင်တန်းကာလအတွင်း ပျက်ကွက်လျှင် နိုင်ငံတော်မှ သတ်မှတ်ထားသော လျော်ကြေးငွေ ကျပ် (၃၀၀၀၀၀/-) (ကျပ်သုံးသိန်း တိတိ) (သို့မဟုတ်) အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် လျော်ကြေးငွေ ပေးလျော်ရန် ကတိ ခံဝန်ချက် ချုပ်ဆိုရမည်ဖြစ်ပြီး သင်တန်းတက်ရောက်အောင်မြင်ပြီးပါက **နိုင်ငံတော်မှ လိုအပ်ချက် ရှိသော တိုင်းဒေသကြီး/ပြည်နယ်များရှိ မည်သည့်ဒေသတွင်မဆို နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၃)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရန်** နှင့် ပျက်ကွက်ပါက လျော်ကြေးငွေ ကျပ်(၅၀၀၀၀၀၀/) (ကျပ်သိန်းငါးဆယ်တိတိ)ကို ပေးလျော်ရန် ကတိခံဝန်ချက်ကို ချုပ်ဆိုရမည် ဖြစ်သည်။

၇။ သူနာပြု-သားဖွားဒီပလိုမာ(၃)နှစ်သင်တန်း နှင့် ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်း တက်ရောက်ခွင့် ရသူများသည် အောက်ပါတို့ကို ယူဆောင်လာရမည် ဖြစ်သည်။

**(က) သင်တန်းသားများအတွက်**

- ဘောင်းဘီအရှည် အနက်၊
- ရှပ်အဖြူလက်တို (ကော်လံပါ)၊
- ဂျူတီကုတ်အဖြူ (တတောင်ဆစ်အထက်(၁)လက်မအထိ၊ အပေါ်အိပ်ကပ်တစ်လုံး၊ အောက်အိပ်ကပ်ဘယ်/ညာ တစ်လုံးစီ၊ ကြယ်သီး(၃)လုံး၊ အရှည်-ပေါင်လည်ထိ)၊
- ရှူးဖိနပ်အနက်
- အခမ်းအနား ပွဲတက်ဝတ်စုံတွင် Necktie အနက်ရောင် တပ်ဆင်ရပါမည်။

**(ခ) သင်တန်းသူများအတွက်**

**ပွဲတက်ဝတ်စုံ (စာသင်ချိန်နှင့် အခမ်းအနားတက်ရောက်ချိန်တွင် ဝတ်ဆင်ရန်)**

- ဆံပင်အနက်၊ ဆံအုပ်အနက်ရောင်၊
- လုံချည်အနီပြောင် (အထက်ဆင်အနက်၊ လုံချည်ကွင်းဖြစ်ရမည်)၊
- အင်္ကျီအဖြူ ပြောင်၊ လည်ပင်းလုံး၊ တတောင်ဆစ်အထက် လက်နှစ်လုံး၊ ခါးတို (တိုလွန်းသည့် ခါး မဖြစ်ရ၊ လုံချည်အထက်ဆင်ဖုံးရမည်)၊ ပုစဉ်းခေါင်း ကြယ်သီးတပ်၊
- အဖြူရောင်ညှပ်ဖိနပ်အပါး (ခြေနင်းအဖြူ၊ သဲကြိုးအဖြူ)။

**လုပ်ငန်းခွင်ဝတ်စုံ (စာတွေ့လက်တွေ့ ကွင်းဆင်းချိန်တွင် ဝတ်ဆင်ရန်)**

- ဆံပင်အနက်၊ ဆံအုပ်အနက်ရောင်၊
- လုံချည်အနီပြောင် လေးလွှာချိတ်/ ကြိုးတပ်လုံချည် (အောက်နားလုံး)
- အင်္ကျီခါးအောက် လေးလက်မအရှည်၊ ရင်ဖုံးအဖြူရောင်၊ (တတောင်ဆစ်အထက်၊ တစ်လက်မ၊ ခါးဘေးခွဲ၊ အောက်အိပ်ကပ်ဘယ်/ညာ တစ်လုံးစီ၊ လည်ပင်းအပြား လည်ပင်း မဟိုက်ရ)
- အဖြူရောင်ညှပ်ဖိနပ်အပါး (ခြေနင်းအဖြူ၊ သဲကြိုးအဖြူ)။

**(ဂ) မိမိကိုယ်ပိုင်သုံးရန်ပစ္စည်းများ** (၂ ပေ (သို့မဟုတ်) ၃ ပေထက် မရှည်သော သေတ္တာ(၁)လုံး၊ ရေပုံး(၁)ပုံးအပါအဝင်)။

၈။ သင်တန်းတက်ခွင့်ရသူများသည် သင်တန်းကျောင်းသို့ သတင်းပို့ရာတွင် အောက်ပါ စာရွက်စာတမ်းများကို တစ်ပါတည်း ယူဆောင်လာရမည် -

(က) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင်(သင်တန်းတက်ခွင့် ရရှိပါက) တက်ရောက်ခွင့်ပြုမည် ဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံစာ(မူရင်း) ( ၁ )စောင်။

(ခ) တက္ကသိုလ်/ကောလိပ်များတွင် (နေ့/အဝေးသင်) ပညာသင်နေပါက သက်ဆိုင်ရာတက္ကသိုလ်/ကောလိပ်မှ နုတ်ထွက်စာ (မူရင်း)၊

(ဂ) တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ် (မူရင်း)၊

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊

(င) ကျန်းမာကြောင်း ဆေးထောက်ခံစာ (မူရင်း)။

**မှတ်ချက်။ ။ သင်တန်းတက်ခွင့်ရရှိပါက တက်ခွင့်ရသည့် သင်တန်းကျောင်းသို့ရောက်လျှင် သင်တန်းကျောင်း၏ ကျန်းမာရေးစစ်ဆေးရေးကော်မတီမှ ထပ်မံ ကျန်းမာရေးစစ်ဆေးခြင်း၊ အရပ်(၅)ပေပြည့်မီခြင်း ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပြီး ဆေးစစ်ချက် အောင်မြင်မှသာ သင်တန်း တက်ခွင့် အတည်ပြုမည် ဖြစ်သည်။**

(ဒေါက်တာတင်ထွန်း)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်။ ၃(က)/၁ /၂၀၂၅( ၁၁၅၀၂ )ကလရ
ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ( ၂၈ )ရက်။

ကြော်ငြာသင်ပုန်း -
တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ ကုသရေးဦးစီးဌာန (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း(တောင်ကြီး/ လားရှိုး/ ကျိုင်းတုံ)၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်)။

ဖြန့်ဝေခြင်း -
ကျန်းမာရေးဝန်ကြီးဌာန။
ဥက္ကဋ္ဌ ၊ နေပြည်တော်ကောင်စီ၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။
တိုင်းဒေသကြီး / ပြည်နယ် အစိုးရအဖွဲ့၊ ______________တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ____________မြို့။
ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန။
ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန။
ညွှန်ကြားရေးမှူး(သူနာပြု-သားဖွား)၊ ကုသရေးဦးစီးဌာန။

တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၊ ____________တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာန၊ ____________မြို့။
ဒုတိယညွှန်ကြားရေးမှူး(သူနာပြု-သားဖွား)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန။
လက်ထောက်ညွှန်ကြားရေးမှူး( သူနာပြု )၊ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေး ဦးစီးဌာန၊ ________________မြို့။
ကျောင်းအုပ်ကြီး/ကျောင်းအုပ်၊ _________________________သင်တန်းကျောင်း၊________________မြို့။
ဘဏ္ဍာရေးဌာန / သူနာပြုဌာန(ငွေစာရင်း)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန။
ရုံးလက်ခံ။
မျှောစာတွဲ။